# YAM Ordination Ceremony!

**"ရန်ကုန်တိုင်းမြော်လင့်ခြင်းသာသနာ၏လက်တင်မင်္ဂလာ"**

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်၊ ဥပုသ်တော်နေ့တွင် ရန်ကုန်ဗဟို အသင်းတော်ဘုရားကျောင်း၌ ရန်ကုန်တိုင်းမှသင်းအုပ်ဆရာများဖြစ်ကြသော ရန်ကုန်ဗဟို အသင်းတော် (YCC) မှဆရာဦးမူးလယ်တော၊ သာယာဝတီနယ်စီး ဆရာဦးမွန်းစတုန်းပီရဲရွှန်း၊ ရခိုင်ပြည်နယ်၊ သံတွဲနယ်စီး ဆရာဦးအောင်တင်ဝင်း တို့သုံးဦးကို လက်တင်မင်္ဂလာ ပေးခဲ့ပါသည်။

အဆိုပါဥပုသ်နေ့အစီအစဉ်တွင် Pr. ဦးခင်မောင်လတ်က အဖွင့်ဆုတောင်းပြီး Pr. ဦးရှိုင်းသာက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ ဆာလံကျမ်း ၁၅ ကို ပရိသတ်များနှင့်အတူဖတ်ကြားခဲ့ပါသည်။ ဆရာကြီး ဦးခဲလေသိန်းက အလှူတော်ငွေကောက်ခံရန် စာတမ်းဖတ်ကြားပြီး ဆုတောင်းပေးခဲ့ပါသည်။ ထို့ပြင် Pr. ဦးမောင်မောင်ဌေးနှင့် ဆရာမဒေါ်စိုဟီးလာရှိုင်းတို့က လက်တင်မင်္ဂလာခံယူမည့် ကိုယ်စားလှယ်လောင်းများနှင့်မိတ်ဆက်ပေးခဲ့သည်။ ထို့နောက် Pr. ဦးခင်မောင်လတ်မှ တရားဒေသနာကိုဝေငှခဲ့ပါသည်။ ကိုယ်စားလှယ်များကိုယ်စား ဆရာဦးမူးလယ်တော က တုန့်ပြန်ချက် စကားပြောခဲ့သည်။ ဆရာမနီနီရှင်ထံမှလည်းကောင်း၊ Pr. ဦးခလောဒီးယပ်စ်ဘရောင်းနှင့်ဇနီးထံမှလည်းကောင်း၊ ဂုဏ်တော်ချီးမွမ်းသံကိုကြားခဲ့ရသည်။

ထို့နောက် Pr. ဦးကယ်လီပီလျှန်းမှ လက်တင်မင်္ဂလာခံယူမည့် ဆရာ ၃ ဦး နှင့်ဇနီးကို လက်တင်ဆုတောင်းပေးခဲ့ပြီး Pr. ဦးတိမသေမူနားပေါလ်က တာဝန်အပ်နှင်းခြင်းပြုလုပ်ခဲ့ပါသည်။ Pr. ဦးမောင်မောင်ဌေးမှ သာသနာသို့ ဆက်ကပ်အမှုတော်ဆောင်ရန် ခေါ်ဖိတ်ပြီး လက်တင်မင်္ဂလာအသိအမှတ်ပြု လက်မှတ် (Ordination Certificate)များကို Pr. ဦးမောင်မောင်ဌေးနှင့် ဆရာမဒေါ်စိုဟီးလာရှိုင်း တို့က ချီးမြှင့်ခဲ့ပါသည်။ ဆရာမဒေါ်ချိုချိုပေါလ်မှ လက်တင်မင်္ဂလာခံယူသည့်ဆရာများ၏ဇနီးများကို ကြိုဆိုစကားပြောကြားပြီးလက်ဆောင်များကို ယူနီယံလူကြီးများကပေးအပ်ခဲ့ပါသည်။

ဝတ်ပြုစည်းဝေးနှင့်လက်တင်မင်္ဂလာအခမ်းအနားကို Pr. ဦးခင်မောင်လတ် ဆုတောင်းခြင်းဖြင့် အဆုံးသတ်ခဲ့ပါသည်။



